မွေး/ကုဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## ညွှန်ကြားချက်အမှတ် ၁/၂၀၂၀
## ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
## (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဃ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကျေးလက်ဒေသ (သို့မဟုတ်) တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးနှင့် စပ်လျဉ်း၍ ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် ဝက်မွေးမြူရေးတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**ကျေးလက်ဒေသ (သို့မဟုတ်) တစ်ပိုင်တစ်နိုင်ဝက်မွေးမြူရာတွင် လိုက်နာရမည့် ညွှန်ကြားချက်**

(က) ခြံလှောင်မွေးမြူရမည်။

(ခ) ခြံသည် လေကောင်းလေသန့်ရရှိရမည်၊ သန့်ရှင်းရမည်။

(ဂ) ပြန်လည်ကျိုချက်ထားခြင်းမရှိသော စားကြွင်းစားကျန်များ (သို့မဟုတ်) မီးဖိုချောင်ထွက်အသားအပိုင်းအစများကို ဝက်များအား ကျွေးမွေးခြင်းမပြုရ (စားကြွင်းစားကျန်ကျွေးလိုပါက ၁၅၀ ဒီဂရီဖာရင်ဟိုက်တွင် နာရီဝက်ကြာ ကျိုချက်ကျွေးရမည်)။

(ဃ) ရောဂါကင်းရှင်းသောဒေသမှ ဝက်များကို မွေးမြူရမည်၊ ရောဂါကင်းရှင်းကြောင်း စိတ်ချရမှသာ မွေးမြူရမည်။

(င) တောဝက်များနှင့်အိမ်မွေးဝက်များ ရောနှောထိတွေ့မှုမရှိစေရန် ခြံခတ်မွေးမြူရမည်။

(စ) ဝက်များ ပုံမှန်မဟုတ်ဘဲ နေထိုင်မကောင်းဖြစ်ပါက နီးစပ်ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ အကြောင်းကြား၍ ဌာနဝန်ထမ်းများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာရမည်။

(ဆ) ရောဂါဖြင့်သေဆုံးသောဝက်များကို စနစ်တကျ မြှုပ်နှံရမည်။

၂။ ဤညွှန်ကြားချက်ပါအချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ အရေးယူခြင်းခံရမည်။

ဒေါက်တာရဲထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ညကခ/စမရ/ဥပဒေ/၂၀၂၀ ( ၈၂၁ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်

ဖြန့်ဝေခြင်း

**ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ (အားလုံး)**
**ခရိုင်ဦးစီးဌာနမှူးများ (အားလုံး)**
**မြို့နယ်ဦးစီးဌာနမှူးများ (အားလုံး)**
**ကြော်ငြာသင်ပုန်း (သက်ဆိုင်သူများသိစေရန်)**
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ သုကျန်း၊ မွေးဖွံ့)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဌာနခွဲ (အားလုံး)
မျှောစာတွဲ
လက်ခံစာတွဲ